# နိုင်ငံတော်သမ္မတထံ အရပ်ဘက်အဖွဲ့ အစည်းများ၏ အိတ်ဖွင့်ပေးစာ

သို့

ဦးဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။

ရက်စွဲ။ ။ ၂၀၁၈ခုနှစ်၊ ဧပြီလ (၂၆)ရက်။

အကြောင်းအရာ။ ။ အင်းဒင်ကျေးရွာ၊ လူအများအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု သတင်းကို ရေးသား ဖော်ထုတ်ခဲ့သော **Reuters သတင်းဌာန၏ သတင်းထောက်များနှင့် အချုပ်နှောင်ခံ ပြည်သူ့ ရဲဂန်ထမ်းများအတွက် တရားမျှတမှုရရှိစေရေးနှင့် အမှုမှန် ပေါ်ပေါက်ရေး** အရပ်ဘက်လူထုအဖွဲ့ အစည်းများက တောင်းဆိုတိုက်တွန်းခြင်း။

(၁) ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အင်းဒင်ကျေးရွာတွင်ဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက် လူအများ သတ်ဖြတ်ခံရမှုနှင့် ပါတ်သက်သည့် စာရွက်စာတမ်းများကို လက်ဝယ် တွေ့ရှိခဲ့သည် ဟုဆိုကာ Reuters သတင်းဌာန၏ သတင်းထောက်(၂)ဦးဖြစ်သည့် သက်ဦးမောင်(ခ)ကိုဝလုံး နှင့် ကျော်စိုးဦး(ခ) မိုးအောင်တို့ ဖမ်းဆီးခံထားရသည်မှာ (၄)လကျော် ကြာမြင့်ခဲ့ပြီးဖြစ်သည်။

(၂) ထိုသို့ဖမ်းဆီးမှုမှာ ရည်ရွယ်ချက်ရှိရှိ ထောင်ချောက်ဆင်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အဖမ်းဆီးခံ သတင်းထောက်များက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ထို့အပြင် ၄င်းတို့ ဖော်ထုတ် ရေးသားခဲ့သော လူ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု သတင်းဖြစ်စဉ်နှင့် ပတ်သက်၍ တပ်မတော်က စုံစမ်းဆေးမှုပြုလုပ်ခဲ့ပြီး၊ တာဝန်ရှိ ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ် အရေးယူခဲ့ပြီး ဖြစ်သည်။ သို့သော် ဖမ်းဆီးခံထားရသော သတင်းထောက်များနှင့် ရဲဂန်ထမ်းများမှာမူ ယခုအချိန်အထိ အချုပ်ဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်သည်။

(၃) အဆိုပါအမှုနှင့် ပါတ်သက်၍မြောက်ပိုင်းခရိုင်တရားရုံးတွင် ဧပြီလ(၂၀)ရက်နေ့ တရားရုံးချိန်း၌ ဒုရဲမှူး မိုးရန်နိုင်က တရားလိုပြသက်သေအဖြစ် ထွက်ဆိုရာတွင် အဆိုပါ Reuters သတင်းထောက်(၂) ဦးတို့ကို ထောင်ချောက်ဆင်ဖမ်းဆီးရန်အတွက် ရဲမှူးချုပ်တင်ကိုကိုက ဦးစီးကွပ်ကဲခဲ့ကြောင်း ထွက်ဆိုခဲ့ပါသည်။ ဒုရဲမှူး မိုးရန်နိုင်ကို (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလ(၁၂)ရက်နေ့မှ (၂၀၁၈) ခုနှစ် ဧပြီလ (၂၀) ရက်နေ့ထိ (၁၂၉ ) ရက်တိုင်ရဲအချုပ်တွင် ချုပ်ထားပြီး ဖမ်းဆီးခံလိုက်ရစဉ်ကပင် ပြင်ပလောကနှင့် အဆက်အသွယ် ဖြတ်တောက်ခံရကြောင်း ၄င်း၏ တရားရုံး ထွက်ဆိုချက်များကြောင့် သိရှိရသည်။ ထို့အပြင် တရားရုံးမှ အပြစ်ရှိသည်/ မရှိသည် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မချသေးခင် ဒုရဲမှူးမိုးရန်နိုင်၏ မိသားစု ကို ရဲလိုင်းခန်းမှ ၂ ရက်အတွင်း အမိန့် အာဏာဖြင့် ရက်ရက်စက်စက် ဖယ်ရှားစေသည့် လုပ်ရပ်များမှာ ပြည်သူများ၏ စိတ်နှလုံးကို ကြီးစွာထိခိုက်စေခဲ့ပါသည်။

(၄) အထက်ပါအချက်အလက်များအရ ဤအမှုဖြစ်စဉ်သည် **ကျိုးကြောင်းဆီလျော်မှု မရှိ ကြောင်း** ပေါ်လွင် ထင်ရှားနေပြီး ဖမ်းဆီးချုပ်နှောင်ခံ သတင်းထောက်များနှင့် ရဲဂန်ထမ်းများအတွက် **တရားမျှတမှုကင်းမဲ့နေသည်** ဟု ကျွန်ုပ်တို့ ကယုံကြည်ပါသည်။

ထို့ကြောင့် -

(က) ယခုဖြစ်စဉ်နှင့် ပတ်သက်၍ မတရားဖမ်းဆီးခံထားရသော ရိုက်တာ(Reuters) သတင်းထောက်(၂)ဦး နှင့် ပြည်သူ့ရဲဂန်ထမ်းများအား **ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်။**

(ခ) နိုင်ငံတော်လျှို့ဝှက်စာရွက်၊ စာတမ်းများကို ဒုရဲမှူးမိုးရန်နိုင်က သတင်းထောက်များကို ပေးသည်ဟု ထင်မြင်အောင် နစ်ဖက်စလုံးကို ထောင်ချောက်ဆင်ဖမ်းဆီးခြင်းကိစ္စသည် နိုင်ငံတော် တရားစီရင်ရေး မဏ္ဍိုင်၏ ဖြောင့်မတ်မှန်ကန်မှုကို ခြိမ်းခြောက်မှုဖြစ်စေပြီး၊ ပြည်သူလူထုက တရားဥပဒေစိုးမိုးရေးအပေါ် ယုံကြည်မှု ဆက်လက်ကင်းမဲ့ လာစေနိုင်သောကြောင့်၊ **နိုင်ငံတော်အဆင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် တရပ် ဖွဲ့စည်း၍ အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပေးရန်။**

(ဂ) လက်ရှိအမှုဖြစ်စဉ်ကြောင့် အဖမ်းဆီးခံ သတင်းထောက်များနှင့် ရဲဂန်ထမ်းများ၏ မိသားစုဝင်များ အားလုံးတို့၏ **စိတ်ပိုင်းဆိုင်ရာလုံခြုံရေး၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး၊ ကျန်းမာရေးအခြေအနေနှင့် လူ့ အခွင့်အရေး ဆိုင်ရာ အခြေအနေအရပ်ရပ်များ ထိခိုက်မှု မရှိစေရေး** အလေးထား ဆောင်ရွက် ပေးရန်။

အထက်ပါ တင်ပြတိုက်တွန်းချက်များကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ နစ်သစ်ကူး နှုတ်ခွန်းဆက်စကား ဖြစ်သည့် "*ဘက်မလိုက်သော၊ လွတ်လပ်သော၊ တရားမျှတမှုနှင့် ဆင်ခြင်တုံတရားတို့ကို ချိန်ခွင်လျှာ ကဲ့သို့ ထိန်းညှိနိုင်သော တရားစီရင်ရေးမဏ္ဍိုင် ဖြစ်အောင် ကြိုးပမ်းမည်*" ဟူသော စကားနှင့်အညီ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတကြီးကို ကျွန်ုပ်တို့ အရပ်ဘက်အဖွဲ့အစည်းများ က တိုက်တွန်းတောင်းဆိုလိုက်သည်။

ဆက်သွယ်ရန် - Moe Thway 09-979238220, Thatoe 09-798427109

**အိတ်ဖွင့်ပေးစာ ပေးပို့သည့် အရပ်ဘက်အဖွဲ့အစည်းများ**

1. Action Committee for Democracy Development (ACDD)
2. Action Group for Farmer Affair (AGFA) စစ်ကိုင်းတိုင်း
3. Action Group for Farmer Affair (AGFA) ပဲခူးတိုင်း
4. Action Group for Farmer Affair (AGFA) မကွေးတိုင်း
5. Action Group for Farmer Affair (AGFA) မန္တလေးတိုင်း
6. Action Group for Farmer Affair (AGFA) ဧရာဝတီတိုင်း
7. Alinsaetamarn Library and Resource Center
8. Ashochin Independence Force
9. Association of Human Rights Defenders and Promoters – HRDP
10. AWDO (Naphe)
11. Ayerwady West Development Organization (AWDO)
12. AZURE Women Group (မိုးပြာရင့် အမျိုးသမီးအဖွဲ့ )
13. AzZahra Women Empowerment Organization (AZWEO)
14. Bago Youth Center – Youth Development Organization
15. Better Life Organization

16. Burmese Women's Union (BWU)
17. Citizen Action for Transperancy
18. Community Response Action Group (COMREG)
19. CSO Forum ရန်ကုန်တိုင်း
20. DAN အမျိုးသမီးကွန်ရက်
21. DDA Dawei Development Association
22. Democratic Education Corner (DEC)
23. Equality for All (Meikhtila)
24. Future Light Center
25. Future Star Youth Organization
26. Future Women Association (FWA)
27. Generation Wave (GW)
28. Genuine Peoples' Servants GPS
29. Htoi Gender and Development Foundation (Myitkyina)
30. HUMANITY INSTITUTE
31. IFI Watch Myanmar
32. ISchool-Myanmar
33. K'Cho Land Development Association (Mindat, Southern Chin State)
34. Kachin Peace Network
35. Kachin State Youth Assembly (Myitkyina, Kachin State)
36. Karenni Human Rights Group (KnHRG)
37. Kayah Democratic Party
38. Kayah Earthrights Action Network (KEAN)
39. KGG Network (ကွမ်းခြံကုန်းကွန်ရက်)
40. LAIN Technical Support Group
41. Land Resource Group
42. Law Home Law Firm
43. Lin Lake Kyal Social Development Organization
44. MADG Mwetaung Area Development Group
45. MATA (Magway)
46. MATA Mandalay Working Group
47. Matu Forum Committee (Matupi)
48. Metta Campaign
49. Mon Area Community Development Organization
50. Mong Pan Youth Association မိုင်းပန်လူငယ်အဖွဲ့
51. MPA (Shan State)
52. Muditar Organization
53. Myanmar China Pipeline Watch Committee
54. Myanmar Cultural Research Society (MCRS) မြန်မာ့ ယဉ်ကျေးမှုသုတေသနအသင်း
55. Myanmar Muslim Youth Association (Kachin State)
56. Myatwonthit Knowledge Society
57. Myit Ma Kha Watch

58. National Network for Education Reform (NNER)
59. National Youth Congress - အမျိုးသားလူငယ်ကွန်ဂရက်
60. Olive သံလွင်ခက်
61. Open Data Myanmar
62. Open Development Foundation (Kan Pet Let, Southern Chin State)
63. Oway Education and Youths Institute
64. PACE – G
65. Pan Tain Shin Rural Development Organization ပန်းတိုင်ရှင်အဖွဲ့ ရေလုပ်သား ကျေးလက်ဒေသဖွံ့ဖြိုးရေး
66. Paungsee Myittar Organization
67. Peace and Development Center (Meikhtila)
68. Peace and Justice (Meikhtila, Mandalay Region)
69. Peace and Open Society Kyaukse
70. Peace Working Committee (Arakan)
71. Peace World Gender Organization
72. Pioneer Angel Women Network Minhla
73. Pone Yate Sit Regional Development Organization
74. Progressive Voice - ရှေ့ပြေးအသံ
75. Public Network
76. Pwinphyu Development Organization (PDO)
77. SarPhyu Farmer Network
78. Saytana Shaesaung Youth Organization
79. Saytodetayar Development Organization (SDO)
80. Shwe Chinthae Farmer Network (Shwe Bo)
81. Shwe Chinthae Social Service Group (Shwe Bo)
82. Social Program Aid for Civic Education
83. Southern Youth Development Organization
84. Southern Youth တောင်ပိုင်းလူငယ်အဖွဲ့
85. Swe Tha Har Organization (ဆွေသဟာ လူမှုဖွံ့ဖြိုးရေးအဖွဲ့ )
86. SYNERGYAction Committee for Democracy Development (ACDD)
87. Ta'ang Youths Nationalist Network (Peace)
88. Ta'ang Youths Organization (YGN)
89. Tavoyan Women Union ထားဝယ်အမျိုးသမီးသမဂ္ဂ
90. Thanbyuzayat Mon Youth
91. Thanlwin Citizen Empowerment Program သံလွင်နိုင်ငံသားအခွန်းကဏ္ဍမြှင့်တင်ရေး
92. The Seagull: Human Rights, Peace & Development
93. Thint Myat Lo Thu Myar (Peace Seekers and Multiculturalist Movement)
94. Township Leading Group (Waing Maw)
95. Uakthon Local Social Development Organization (Myitkyina Kachin State)
96. White Marker Group , Tharsi
97. Wile Rose အမျိုးသမီးအဖွဲ့
98. Yangon School of Political Science (YSPS)
99. Yangon Youth Network

100. Yomachin (Saytodetaya)
101. Young Ni Oo Social Devleopment Organization
102. Youth Circle
103. Youth for Social Change – Myanmar
104. ဂံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (ရခိုင်ပြည်)
105. Justice Drum ကွန်ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း။
106. Ramkhye - ရမ်းခေး မြစ်ကြီးနား ကွန်ရက်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်။
107. ကမန်တိုင်းရင်းသားလူမှုကွန်ရက်
108. ကယန်းအမျိုးသမီးအစည်းအရုံး - KyWO
109. ကရင်နီပြည် လူငယ်များ သမဂ္ဂ - UKSY
110. ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)
111. ကရုဏာရှင် နာရေးကူညီရေးအဖွဲ့
112. ကလျာဏမိတ္တလူမှုကူညီရေးအဖွဲ့ (ခင်ဦး၊ စစ်ကိုင်းတိုင်း)
113. ကလျာဏမိတ္တဖောင်ဒေးရှင်း
114. ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကွန်ရက်
115. ခန့်သာတောင်သူသမဂ္ဂ (Kaw Lun)
116. စိမ်းရောင်စို (တံတားဦး)
117. တွံတေးကွန်ရက်
118. တာကပေါ
119. ဒို့မြေကွန်ရက် - LIOH
120. ဒို့မြေပြည်သူ့အကျိုးပြုကွန်ရက်
121. ဓမ္မအလင်း ယဉ်ကျေးလိမ္မာအဖွဲ့
122. ပန်းပျိုးလက် - အမျိုးသမီး နှင့် ကလေးသူငယ်အခွင့်အရေး
123. ပုံရိပ်စစ်
124. ပဒေသာမိုး
125. ပျိုးဥယျာဉ်ပညာရေးအထောက်အကူပြုအဖွဲ့
126. ကြည့်မြင့်တိုင်ဖွံ့ဖြိုးရေးအဖွဲ့
127. ဗဟန်းလူငယ်ကွန်ရက်၊ ရန်ကုန်တိုင်းဒေသကြီး။
128. ပြည်ထောင်စုရှေ့နေများနှင့် ဥပဒေအထောက်အကူပြုသူများအဖွဲ့
129. မြစ်မခအလင်း မင်းလှ
130. မြန်မာမီဒီယာရှေ့နေများကွန်ရက်
131. မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီ (PCMJ)
132. မွန်ပြည်သူ့အခွင့်အရေးဖောင်ဒေးရှင်း (Human Rights Foundation of Monland – HURFOM)
133. မွန်လူငယ်ကွန်ရက်၊ ရေးလမိုင်း၊ မွန်ပြည်နယ်။
134. ရခိုင်ပြည်နယ်လုံးဆိုင်ရာလူမှုအဖွဲ့အစည်းများ မိတ်ဖက်အဖွဲ့
135. ရန်ကုန်တိုင်း MATA
136. ရှမ်းပြည်နယ်ငြိမ်းချမ်းရေးအလုပ်အဖွဲ့ (Shan State Peace Task Force)
137. လင်းလက်ကြယ် ဒေသဖွံ့ဖြိုးရေးအဖွဲ့
138. လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကွန်ရက်၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။
139. လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကွန်ရက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
140. သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့ PoPP
141. သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောင်သူလယ်သမားဖွံ့ဖြိုးရေးအဖွဲ့ (ရှမ်းပြည်)

142. သာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ - ပြင်ဦးလွင်
143. သဲကုန်းလူငယ်အဖွဲ့ ချုပ်
144. အစွလာမ်တံခွန်အဖွဲ့ (ဗန်းမော်၊ ကချင်ပြည်နယ်)
145. အရိပ်စစ် (တွံ တေး)
146. အလုပ်သမားအဖွဲ့ ဖွဲ့ စည်းပေါ် ပေါက်ရေးနှင့် အမျိုးသမီးအခွင့်အရေးအသိပညာပေးရေး ပဲခူးကွန်ရက်
147. အသံ (လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ )
148. ဥသျှစ်ပင် လူငယ်ကွန်ရက်၊ ဥသျှစ်ပင်မြို့ ၊ ပန်းတောင်းမြို့ နယ်၊ ပဲခူးတိုင်းဒေသကြီး။
149. တောင်သူလယ်သမားများနှင့် မြေယာလုပ်သားများ သမဂ္ဂ
150. တောင်သူလယ်သမားများနှင့် ရေလုပ်သားများ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကွန်ရက်၊ မြစ်ကျိုး။
151. ဒေသဖွံ့ ဖြိုးရေးအဖွဲ့ (RDO)
152. ပေါင်းကူး
153. ဗေဒါ လူမှုဖွံ့ ဖြိုးရေးအဖွဲ့
154. မြောက်ဦး လယ်သမားကွန်ရက်၊ မြောက်ဦးမြို့ နယ်၊ ရခိုင်ပြည်နယ်။
155. မေတ္တာဖွံ့ ဖြိုးရေးဖောင်ဒေးရှင်း
156. မေတ္တာလက်ကမ်း (Metta Let Kann MLK)
157. မေမြို့တောင်သူကွန်ရက်
158. ရွှေခြံမြေ ကွန်ရက်၊ ကွမ်းခြံကုန်း ၊ ရန်ကုန်တိုင်းဒေသကြီး။
159. ရွှေးလက်ယာ
160. ရွှေခြံမြေကွန်ရက် (ကွမ်းခြံကုန်း)
161. လေဖြတ်သူများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာ)
162. လောကသာရ ဖောင်ဒေးရှင်း
163. နွေအရိပ်စာကြည့်တိုက်